ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့ (19-9-2010) (၆၅၂၆)

# မအူပင်ခရိုင်အတွင်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော်  စက်တင်ဘာ  ၁၈**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပုသိမ်တပ်နယ် ဧရာဝတီခန်းမ၌ တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ Junction Centre (Maw Tin) နှင့် Junction Cineplex ရုပ်ရှင်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး

**ရန်ကုန်  စက်တင်ဘာ  ၁၈**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် လမ်းသစ်လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ Junction Centre (Maw Tin) နှင့် Junction Cineplex ရုပ်ရှင်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**



**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စင်လုံးညွတ်အောင် သီးအားသန်လှသည့် ဒိုးကွင်စိုက်ပျိုးရေးခြံမှ ကြက်ဟင်းခါး စိုက်ကွက်တစ်နေရာကို တွေ့ရစဉ်။

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ**
**ဇော်မျိုးအောင် (စိုက်ပျိုးရေး)**
**အဆင်အပြင်-ဟံသာထွန်း**

# ကြက်ဟင်းခါးမျိုးစေ့ အောင်မြင်စွာ ထုတ်လုပ်လျက်ရှိသည့် ပြင်ဦးလွင် ဒိုးကွင်စိုက်ပျိုးရေးခြံ

ယခုအခါ စိုက်ပျိုးရေးကဏ္ဍတွင် နည်းပညာသစ်များ အသုံးပြုနိုင်ပြီဖြစ်သောကြောင့် ပြည်တွင်းတွင် စားသုံးရန်သာမက ပြည်ပသို့ပါ သီးနှံအမယ်သစ်များ တင်ပို့နိုင်ခဲ့သည်။ ကြက်ဟင်းခါးသီး မျိုးစေ့ထုတ်လုပ်ပြီး ပြည်ပသို့ ရောင်းချမည့် သတင်းကောင်းတစ်ရပ်ကို ကြားသိရခြင်းကြောင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ရှိ ဒိုးကွင် စိုက်ပျိုးရေးခြံသို့ လေ့လာရေးတစ်ခေါက် ရောက်ခဲ့ရသည်။

ဒိုးကွင်စိုက်ပျိုးရေးခြံတွင် စိုက်ပျိုးရေးပညာရှင် ဦးတင်ထွဋ်ဦးနှင့် ဦးဝေလင်းစောတို့၏ အကူအညီဖြင့် Gunine Co.,မှ မျိုးစေ့များပေး၍ စိုက်ပျိုးခဲ့ရာ ကြက်ဟင်းခါးသီးကြီးများ စင်လုံးညွတ်မျှ သီးနေသည်ကို တွေ့ရသည့်အပြင် မျိုးစေ့ထုတ်ယူမှုကိုလည်း စိတ်ဝင်စားဖွယ်ရာ လေ့လာခဲ့ရသည်။

ကြက်ဟင်းခါးပင်ကို ရုက္ခဗေဒအရ (MOMORDICA-CHARANTIA) ဟု ခေါ်ဆိုပြီး တရုတ်၊ အိန္ဒိယ၊ မလေးရှားနှင့် အာဖရိက အပူပိုင်းဒေသတို့မှာ မူရင်းဒေသဖြစ်ပေသည်။ ကြက်ဟင်းခါးသီးမှာ အပုမျိုး၊ အရှည်မျိုး၊ အလုံးမျိုးဟူ၍ သုံးမျိုးရှိသည်။ အရောင်က အဖြူနှင့် အစိမ်းရောင်နှစ်မျိုးရှိပြီး မှည့်မှသာအဝါရောင်သို့ ကူးပြောင်းသွားပေသည်။

တစ်ဧကကို အပင်ပေါင်း ၃၀၀၀ စိုက်ပျိုးနိုင်ပြီး ပူနွေးသောရာသီဥတုကို

**စာမျက်နှာ ၅ ကော်လံ ၄ သို့**




မြန်မာ - တရုတ် ရေနံစိမ်းနှင့် သဘာဝ ဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်း မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်း တည်ဆောက်နေ။

(သတင်း)စာမျက်နှာ-၆

ဟသ်ာတ ခရိုင်တွင် အရှည်ပေ ၃၀၀ ရှိ နန်ကသူ ချောင်းတံတား ဖွင့်ပွဲ အခမ်းအနား ကျင်းပ။


(သတင်း)စာမျက်နှာ-၅



ချီလီမိုင်းတွင်းပဏာမ ကယ်ဆယ်ရေးတွင်းတူးဖော်မှု ပိတ်မိမိုင်းလုပ်သားများရှိရာသို့ ရောက်ရှိပြီ။

(သတင်း)စာမျက်နှာ-၄





စတုတ်စီးတီးကို သရေကစားပြီး ဝက်စ်ဟမ်း တစ်မှတ်စတင်ရရှိသည့် အင်္ဂလိပ်ပရီမီယာလိဂ်။

(သတင်း)စာမျက်နှာ-၁၁

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ



# ဗင်နီဇွဲလားနိုင်ငံသို့ နျူကလီးယား လျှို့ဝှက်ချက်များရောင်းရန် ကြံစည်သူ ကန်သိပ္ပံပညာရှင် ဖမ်းဆီးခံရ

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၁၈**

အမေရိကန်ပြည်ထောင်စု၏ အဆင့်မြင့်စွမ်းအင် သုတေသနဓာတ်ခွဲခန်းတစ်ခုတွင် အလုပ်လုပ်ကိုင်သူ အမေရိကန်နိုင်ငံသား ရူပဗေဒပညာရှင်တစ်ဦးနှင့် ၎င်း၏ ဇနီးတို့ကို နျူကလီးယား လျှို့ဝှက်ချက်များအား ဗင်နီဇွဲလားနိုင်ငံသို့ ရောင်းချရန်ကြံစည်မှုဖြင့် အမေရိကန်အာဏာပိုင်များက ဖမ်းဆီးတရားစွဲဆိုလိုက်ကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများတွင် ဖော်ပြသည်။

ရူပဗေဒပညာရှင် ပက်ဒရို လီယိုနာဒို မက်စ်ချီရိုနီနှင့် ၎င်း၏ ဇနီး မာဂျိုရီရော့စ်ဘီ မက်ခ်ချီရိုနီတို့ နှစ်ဦးလုံးသည် အမေရိကန်အစိုးရ၏ နျူကလီးယားလက်နက် သုတေသနလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသော နယူးမက္ကဆီကိုပြည်နယ်ရှိ လော့စ်အလာမို့စ် အမျိုးသားသုတေသန ဓာတ်ခွဲခန်းတွင် တာဝန်ထမ်းဆောင်သူများ ဖြစ်သည်။

လီယို မက်ခ်ချီရိုနီက ၎င်းသည် ဗင်နီဇွဲလားနိုင်ငံအတွက် နျူကလီးယားလက်နက်ကို ၁၀ နှစ်အတွင်း တည်ဆောက်ပေးနိုင်ကြောင်း ဗင်နီဇွဲလားနိုင်ငံ၏ ထောက်လှမ်းရေးသမားတစ်ဦးအဖြစ် အသွင်ယူထားသူ အမေရိကန်ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)မှ စုံထောက်တစ်ဦးကို နှုတ်ကြောင်းပေး ပြောကြားခဲ့သည်ဟု ဆိုသည်။

၎င်းတို့ ဇနီးမောင်နှံကို ပြစ်မှု ၂၂ မှုဖြင့် တရားစွဲဆိုမည်ဖြစ်ပြီး ပြစ်မှုထင်ရှားပါက လွတ်ရက်မရှိ ထောင်ဒဏ်ကျခံဖွယ်ရာရှိသည်။

**ဒေးလီးတယ်လီဂရပ်။**

## လိုရင်း တိုရှင်း ကမ္ဘာ့ သတင်းများ

**စက်တင်ဘာ ၁၈ ၊ ၂၀၁၀**

အာရှ-ပစိဖိတ်

### ထိန်းသိမ်းရေးစခန်းများ ဩစတြေးလျတိုးချဲ့မည်

နိုင်ငံပြောင်းခိုလှုံသူများ အလွန်အကျွံများပြားလာမှုကို နိုင်နင်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ဩစတြေးလျနိုင်ငံသည် ၎င်း၏ ဥပဒေမဲ့ဝင်ရောက်သူများ ထိန်းသိမ်းရေးစခန်းများကို တိုးချဲ့မြှင့်တင်မှုများ သိသိသာသာ ပြုလုပ်သွားမည်ဖြစ်သည်ဟု ဒေသခံသတင်းများက ဖော်ပြသည်။

### သံသယရှိသူများကို ကူညီဖမ်းဆီးပေးရန် သူပုန်အဖွဲ့ကို ရဲက တိုက်တွန်း

ဖိလစ်ပိုင်နိုင်ငံ မာဂွင်ဒါနာအိုကျွန်းတွင် ယမန်နှစ်က ဖြစ်ပွားခဲ့သော နိုင်ငံရေးအရ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီးတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု သံသယရှိသူ အများအပြားမှာ မော်ရိုအစ္စလာမ်သူပုန်များ ထိန်းချုပ်ထားရာဒေသများအတွင်း ပုန်းအောင်းနေကြခြင်းကြောင့် ၎င်းတို့အား ဖမ်းဆီးနိုင်ရေးအတွက် အကူအညီပေးပါရန် မော်ရိုအစ္စလာမ်သူပုန်အကြီးအကဲများအား မာဂွင်ဒါနာအိုတောင်ပိုင်း ရဲတပ်ဖွဲ့ အကြီးအကဲက တိုက်တွန်းလိုက်သည်။

တောင်အာရှ

### အာဖဂန်မြောက်ပိုင်း စစ်ဆင်ရေး ၁၈ ဦးသေဆုံး

နေတိုးတပ်ဖွဲ့များက ကျောထောက်နောက်ခံပြုထားသည့် အာဖဂန်တပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်မြောက်ပိုင်း ကွန်ဒွတ်ဇ်ပြည်နယ်တွင် နိုင်ငံခြားသားနှစ်ဦးပါဝင်သည့် တာလီဘန်သောင်းကျန်းသူ ၁၈ ဦးကို စနေနေ့ နံနက်စောစောပိုင်းက ပြုလုပ်သည့် စစ်ဆင်ရေးတစ်ခုအတွင်း သုတ်သင်ရှင်းလင်းခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

အမေရိကာ

### ကိုလံဘီယာ မူးယစ်ရာဇာ ဗင်နီဇွဲလား၌ ဖမ်းမိ

ကိုလံဘီယာနှင့် ဗင်နီဇွဲလား ရဲတပ်ဖွဲ့များ၏ ပူးပေါင်းစစ်ဆင်ရေးတစ်ရပ်အတွင်း အမေရိကန်ပြည်ထောင်စုက ဆုငွေ ဒေါ်လာ ငါးသန်းထုတ်ထားသည့် ကိုလံဘီယာ မူးယစ်ရာဇာ အယ်လ်ဘာတိုမာရင် ဇာမိုရာ ခေါ် ဘီတိုမာတင်အား ဖမ်းဆီးရမိခဲ့သည်။

ဥရောပ

### ၁၀နှစ်အတွင်း ဆင်းရဲသူထက်ဝက်ကျော်လျှော့ချ

ရုရှားတွင် ပြည်သူများ၏ ဝင်ငွေနှစ်ဆကျော်နှင့် ပင်စင်စားများ လစာငွေသုံးဆကျော် မြင့်မားလာခဲ့ပြီး ဆင်းရဲမှုပြမျဉ်း၏ အောက်အဆင့်တွင်ရှိနေသော ပြည်သူဦးရေကိုလည်း လက်ရှိ ၁၀စုနှစ်အတွင်း ထက်ဝက်ကျော် လျှော့ချနိုင်ခဲ့ကြောင်း ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က ပြောကြားသည်။

အရှေ့အလယ်ပိုင်း

### ဆွေးနွေးပွဲမအောင်မြင်လျှင် အဘတ်စ်နုတ်ထွက်ဖွယ်

အစ္စရေးနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးပွဲတွင် အောင်မြင်မှုမရရှိပါက ပါလက်စတိုင်း သမ္မတ မာမွတ်စ်အဘတ်စ်သည် ရာထူးမှ နုတ်ထွက်ဖွယ်ရှိကြောင်း ၎င်း၏ ဖတာပါတီမှ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားလိုက်သည်။

အာဖရိက

### ယူအေအီးသင်္ဘောတစ်စင်း ပျောက်ဆုံး

အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံအလံလွှင့်ထူထားသော အဲလ်ဂျာဘားအမည်ရှိ သင်္ဘောတစ်စင်းသည် ကွန်ဂိုနိုင်ငံ၏ ရေပိုင်နက်အတွင်း လွန်ခဲ့သော ၁၀ ရက်ခန့်ကတည်းက အဆက်အသွယ်ပြတ်တောက်သွားပြီး ပျောက်ဆုံးလျက်ရှိသည်။



# ပထားမကယ်ဆယ်ရေးတွင်းတူးဖော်မှု ပိတ်မိမိုင်းလုပ်သားများရှိရာသို့ ရောက်ရှိ

**ကိုပီယာပို စက်တင်ဘာ ၁၈ -** ချီလီ ရွှေနှင့်ကြေးနီ မိုင်းတွင်းမြေအောက်တွင် ပိတ်မိနေသော မိုင်းလုပ်သားများကို ကယ်ဆယ်ရန် လုပ်ဆောင်လျက်ရှိသော တွင်းတူးစက်တစ်စီးသည် စက်တင်ဘာ ၁၇ ရက်က မိုင်းလုပ်သားများပိတ်မိနေသော မြေအောက်အနက် မီတာ ၆၃၀ (ပေ ၂၀၇၀)အထိ တူးနိုင်ပြီဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ပိတ်မိနေသူများကို မြေပေါ်သို့ အန္တရာယ်ကင်းစွာ ကယ်ထုတ်နိုင်ရန်အတွက် ယင်းတွင်းကို ထပ်မံချဲ့ထွင်တူးဖော်ရဦးမည်ဖြစ်ကြောင်း သိရသည်။ ယင်းသို့လုပ်ဆောင်နိုင်ရန် အနည်းဆုံး ရက်သတ္တပါတ်ခြောက်ပတ်မျှ အချိန်ယူရဦးမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ခန့်မှန်းထားသည်။

တီ-၁၃၀ တွင်းတူးစက်သည် မိုင်းလုပ်သား ၃၃ ဦး ပိတ်မိနေသော ဥမင်အတွင်းရှိ ကယ်ဆယ်ရေးခန်းအထိ အရောက် ၁၂ လက်မ (၃၀ စင်တီမီတာ) အဝန်းရှိသော ရှေ့ပြေးအပေါက်ကို တူးဖောက်နိုင်ပြီဖြစ်ကြောင်း ချီလီအစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းတွင်းပေါက်ကို စင်တီမီတာ ၇၀ အဝန်းအထိ ချဲ့ထွင်တူးဖောက်ရမည်ဖြစ်ပြီး ထွက်ပေါ်လာသော ကျောက်စကျောက်နများကို ပိတ်မိနေသော မိုင်းလုပ်သားများကိုယ်တိုင် ၎င်းတို့၏လွတ်မြောက်ရေးအတွက် ဖယ်ရှား ရှင်းလင်းပေးရမည်ဖြစ်ကြောင်း သိရသည်။

တွင်းအဝန်းချဲ့ထွင် တူးဖော်မှုပြီးဆုံးပါက မိုင်းလုပ်သားတစ်ဦးချင်းစီကို မြေပေါ်ကယ်ထုတ်ရန်အတွက် အထူးစီစဉ်ထားသော ကျည်ဆန်ပုံသဏ္ဌာန် လူတစ်ဦးဝင်ရောက်နိုင်သည့် အလုံပိတ်ပြွန်ကို ချပေးပြီး ဆွဲတင်ကယ်ဆယ်ရမည်ဖြစ်သည်။

ချီလီနိုင်ငံသား ၃၂ ဦးနှင့် ဘိုလီးဗီးယားနိုင်ငံသားတစ်ဦးပါဝင်သော မိုင်းလုပ်သား ၃၃ ဦးတို့သည် ဩဂုတ် ၅ ရက်ကတည်းက မိုင်းတွင်းထဲတွင် ပိတ်မိခဲ့ပြီး အသက်ရှင်လျက် မြေအောက်တွင် အကြာဆုံးနေထိုင်ခဲ့ရသူများအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

**အေအက်ဖ်ပီ။**

# ဆူနာမီအန္တရာယ် သတိပေးရေးစနစ် ပြန်လည်သုံးသပ်ရန်လိုအပ်

**ဝါရှင်တန် စက်တင်ဘာ ၁၈**

၂၀၀၄ ခုနှစ် အိန္ဒိယသမုဒ္ဒရာ ဆူနာမီကပ်ဘေး ဖြစ်ပွားပြီးနောက် အမေရိကန်နိုင်ငံ၏ ဆူနာမီအန္တရာယ် ကြိုတင်ခန့်မှန်းထောက်လှမ်းနိုင်စွမ်းသည် တိုးတက်မှုရှိခဲ့သော်လည်း အရေးကြီးသောလိုအပ်ချက်များ ရှိနေဆဲဟု ကျွမ်းကျင်သူများက သတိပေးထားကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများတွင် ဖော်ပြသည်။

အမေရိကန် ကွန်ဂရက်လွှတ်တော်သို့ အမျိုးသားသုတေသနကောင်စီက တင်သွင်းခဲ့သော အစီရင်ခံစာအရ ကြိုတင်သတိပေးချိန် ရရှိမှုနည်းပါးသော ကမ်းနီး ဆူနာမီအန္တရာယ်သည် စိုးရိမ်ဖွယ်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဆူနာမီဘေးအန္တရာယ်နှင့်ပတ်သက်၍ ပြည်ထောင်စုဆူနာမီအန္တရာယ်သတိပေးရေး ဗဟိုဌာနနှစ်ခုအကြား၊ အရေးပေါ်စီမံချက်ဆိုင်ရာ တာဝန်ခံများအကြား၊ ပြည်သူလူထုနှင့် သတင်းမီဒီယာများအကြား ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် အဆိုပါအစီရင်ခံစာက တိုက်တွန်းထားသည်။

ကုန်းမြေအနီးကပ်လှုပ်သော အင်အားပြင်း ငလျင်တစ်ခုကြောင့် ဖြစ်ပေါ်လာသော ဆူနာမီရေလှိုင်းများသည် ကုန်းမြေဆီသို့ မိနစ်ပိုင်းအတွင်း ဝင်ရောက်လာနိုင်ပြီး ပြည်သူလူထုအနေဖြင့် ရုတ်ခြည်း ပြန်လည်တုံ့ပြန်နိုင်ရေးအတွက် အရေးပေါ်သတိပေးချက် ထုတ်လွှင့်နိုင်ရန် အချိန်မရှိသလောက် နည်းပါးကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ယူပီအိုင်။**

# ဆိုမာလီနိုင်ငံတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင် ထောင်နှင့်ချီ၍လိုအပ်

**နယူးယောက် စက်တင်ဘာ ၁၈**

စစ်သွေးကြွ သောင်းကျန်းသူများ၏ ခြိမ်းခြောက်မှုများ ပိုမိုတိုးမြင့်လာခြင်းကြောင့် ဆိုမာလီနိုင်ငံရှိ နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင် အရေအတွက်ကို လာမည့်လများအတွင်း ၂၀၀၀၀ အထိ တိုးမြှင့်ချထားရန် လိုအပ်ဖွယ်ရှိကြောင်း ကုလသမဂ္ဂသံတမန်တစ်ဦးက စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

အယ်လ်ခိုင်ဒါနှင့် ဆက်နွယ်သော စစ်သွေးကြွများကို ကူညီရန် နိုင်ငံရပ်ခြား တိုက်ခိုက်ရေးသမားများနှင့် လက်နက်များ ဆိုမာလီနိုင်ငံအတွင်းသို့ ဝင်ရောက်လာမှုကို တားဆီးရေးအတွက် နိုင်ငံတကာက ပိုမိုပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ၎င်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ပြောကြားသည်။

မိုဂါဒစ်ရှူးမြို့၌ ရုံးစိုက်သော ဆိုမာလီအစိုးရအဖွဲ့ကို ကျားကန်အကာအကွယ်ပေးနေရသည့် အာဖရိကသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်ဦးရေအား ၈၀၀၀ အထိ ထားရှိရန် တရားဝင်ခွင့်ပြုထားသည်။

သို့ရာတွင် မိုဂါဒစ်ရှူးမြို့နှင့် ဆိုမာလီ ဗဟိုတောင်ပိုင်းဒေသများတွင် စစ်သွေးကြွများ၏ အန္တရာယ် ပိုမိုမြင့်တက်လာခြင်းကြောင့် အာဖရိကသမဂ္ဂ(အေယူ)နှင့် အရှေ့အာဖရိကနိုင်ငံများသည် ဆိုမာလီနိုင်ငံတွင် လက်ရှိထားရှိသော ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်ဦးရေကို လာမည့်လများအတွင်း ၂၀၀၀၀ အထိ တိုးမြှင့်နိုင်ရန် မျှော်လင့်လျက်ရှိသည်။

ယင်းအတွက်ကြောင့် ဆိုမာလီနိုင်ငံတွင်းရှိ မဟာဗျူဟာအရ အချက်အချာကျသော နေရာများနှင့် မိုဂါဒစ်ရှူးမြို့တို့ကို ထိန်းသိမ်းထားနိုင်ရန်အတွက် တပ်ဖွဲ့ဝင်အရေအတွက် တိုးမြှင့်ချထားနိုင်ရေး အဆိုပြုချက်ကို အာဖရိကသမဂ္ဂ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကောင်စီက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မကြာမီ တင်သွင်းမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **အေအက်ဖ်ပီ။**

**မက္ကဆီကိုနိုင်ငံ ဗီရာခရုဇ်မြို့ ပင်လယ်ကမ်းခြေအနီးရှိ လမ်းပေါ်သို့ မုန်တိုင်း၏ အရှိန်ကြောင့် ရောက်ရှိလာသော လှေငယ်တစ်စင်းကို စက်တင်ဘာ ၁၇ ရက်က တွေ့ရစဉ်။**

[မက္ကဆီကို အရှေ့ဘက်ကမ်းခြေတွင် တိုက်ခတ်ခဲ့သော ဟာရီကိန်းမုန်တိုင်း ကားလ်ကြောင့် လူနှစ်ဦးသေဆုံးခဲ့ရပြီး နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ခုကိုလည်း ပိတ်ပစ်ခဲ့ရသည်။]

**ဓာတ်ပုံ-ဆင်ဟွာ။**



# သင်္ဘောဖျက်ခရုစ်ဒုံးကျည်များ ဆီးရီးယားသို့ ရုရှားရောင်းချမည်

**ဝါရှင်တန် စက်တင်ဘာ ၁၈ -** ရုရှားနိုင်ငံသည် ပီ-၈၀၀ သင်္ဘောဖျက် ခရုစ်ဒုံးကျည်များကို ဆီးရီးယားနိုင်ငံသို့ ရောင်းချသွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့ ရောက်ရှိနေသော ရုရှားကာကွယ်ရေးဝန်ကြီး အနာတိုလီ ဆာဂျူကော့ဗ်၏ အဆိုကို ကိုးကား၍ ရုရှားသတင်းဌာနများက စက်တင်ဘာ ၁၇ ရက်တွင် ဖော်ပြသည်။

အီရန်နိုင်ငံနှင့် ရင်းနှီးသော ဆက်ဆံရေးရှိသည့် ဆီးရီးယားနိုင်ငံကို ရုရှားက လက်နက်များ ရောင်းချနေမှုနှင့် နျူကလီးယားနည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်ဖွယ်ရှိခြင်းတို့ကြောင့် အမေရိကန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့ အနေဖြင့် စိတ်မသက်မသာဖြစ်နေရသည်။ အထူးသဖြင့် အစ္စရေးနိုင်ငံသည် ရုရှားလက်နက်များ ဆီးရီးယားမှတစ်ဆင့် လက်ဘနွန် စစ်သွေးကြွ အုပ်စုဖြစ်သော ဟစ်ဇ်ဘိုလာအုပ်စုထံ ရောက်ရှိသွားမည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။

**အင်တာနက်။**

# မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းခွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၈

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် စက်တင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကွဲ့နဖားကျေးရွာအနီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် CNPC, South East Asia Pipeline Company တို့ ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာ-တရုတ် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်း တင်တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တံတားသံပေါင်များတပ်ဆင်ပြီးစီးမှု၊ ကုန်းတွင်းပိုင်း Bore Pile နှင့် ရေလယ် Bore Pile တည်ဆောက်ခြင်းလုပ်ငန်းများ၊ စက်ပစ္စည်းရောက်ရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက စက်အား၊ လူအား အပြည့်အဝအသုံးချပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်၊ Techanically စေ့စပ်သေချာစွာဆောင်ရွက်သွားရန်နှင့် ဂရုပြုဆောင်ရွက်ရမည့် အချက်များကို မှာကြားကာ မြစ်ဖြတ်ပိုက်လိုင်း တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ယခုတည်ဆောက်နေသည့် မြစ်ငယ် မြစ်ဖြတ် ပိုက်လိုင်းတံတားကို ချဉ်းကပ်လမ်းအပါအဝင် တံတားအရှည် ၈၀၄ ပေ ရှိပြီး မြစ်ရေမျက်နှာပြင်အထက် ၃၃ပေ အကွာထား၍ အပိုင်းသုံးပိုင်းခွဲကာ ၂၀၁၁ ခုနှစ် ဇွန်လကုန် ပြီးစီးရေး ရည်မှန်းချက်ထား တည်ဆောက်နေကြောင်း သိရှိရသည်။

ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ်(၀၀၁)သို့ ရောက်ရှိရာတာဝန်ရှိသူများကCNGအရောင်းဆိုင်အတွင်း Compressor များဖြင့် သဘာဝဓာတ်ငွေ့ ဖိအားမြှင့်တင်ပေးနေမှုနှင့် ဆလင်ဒါအိုးများ တပ်ဆင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးကသတ်မှတ်ဖိအားပြည့်မီအောင် ဂရုစိုက်ဖြည့်သွင်းပေးရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ ဝန်ထမ်းများ အရည်အသွေးတိုးတက်အောင် စဉ်ဆက်မပြတ် လေ့ကျင့်ပေးရေး၊ ပြည်သူလူထုနှင့် အဆင်ပြေချောမွေ့စွာ ဆက်ဆံရေးတို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် သဘာဝဓာတ်ငွေ့လာရောက်ဝယ်ယူ ဖြည့်တင်းကြသည့် မော်တော်ယာဉ် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ပုသိမ်ကြီးမြို့နယ် ကွဲ့နဖားကျေးရွာအနီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် CNPC, South East Asia Pipeline Company တို့ ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာ-တရုတ် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း မြစ်ငယ်မြစ်ဖြတ် ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။** (စွမ်းအင်)



## အလှူငွေလက်ခံ

**ဗိုလ်ကြီးရဲမြတ်ကျော်-ဇနီး ဒေါ်သိမ့်ရွှေစင်ဝင်း၊ သား မောင်ရဲမာန်ဟိဏ်း မိသားစုက အလှူငွေကျပ် သိန်း၂၀ ကို စက်တင်ဘာ ၈ ရက်တွင် အမှတ်(၁) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ ခုတင်(၃၀၀)သို့ လှူဒါန်းရာ တပ်မှူးက အလှူငွေ လက်ခံရယူစဉ်။** (ကြေးမုံ)

# (၄)ကြိမ်မြောက် အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၄)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျိုက္ကဆံ အမှတ်(၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)နှင့် အမှုဆောင်များ၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr.Sanguan Kosavinta နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Sanguan Kosavinta၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဒေါက်တာခင်ရွှေနှင့် အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး Maj. Bahardutin Jamail တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။ ယင်းနောက် ဝန်ကြီး သူရဦးအေးမြင့်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ပြီး အမှတ်တရလက်ဆောင်များပေးအပ်သည်။ထို့နောက် အေရိုးဗစ်၊ မြန်မာ့ရိုးရာ ခြင်းလုံးနှင့် ဝူရှူးအားကစားအဖွဲ့များက သရုပ်ပြသကြသည်။ ဆက်လက်၍ ဝန်ကြီး သူရဦးအေးမြင့်က သရုပ်ပြအဖွဲ့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

(၄)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည် ဖြစ်ပြီး ကမ္ဘာ့ထိပ်သီးမြားပစ်နိုင်ငံဖြစ်သည့် အိန္ဒိယအသင်းအပါအဝင် အိမ်ရှင်မြန်မာ၊ ထိုင်း၊ လာအိုနှင့် မွန်ဂိုလီးယားအသင်းတို့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့သည် အောင်မြင်မှုများ ရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်ထားကြောင်း သိရသည်။ ပြိုင်ပွဲကိုစက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲတွင် စတင်ကျင်းပမည် ဖြစ်ပြီး မြားပစ်အားကစားဝါသနာရှင်များ အခမဲ့ကြည့်ရှုအားပေးနိုင်သည်။(ကြေးမုံ)



**မြန်မာမြားပစ်အသင်း အဖွဲ့ခေါင်းဆောင် ဦးဖြိုးကိုကိုတင့်ဆန်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်) အား အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှတ်တရလက်ဆောင် ပေးအပ်စဉ်။** (ကြေးမုံ)

# မုဒ္ဒိုမြို့နယ်အသင်း(ရန်ကုန်) ဓမ္မာရုံဖွင့်ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းတော်၌ မုဒ္ဒိုမြို့နယ်အသင်း (ရန်ကုန်) က တည်ဆောက်လှူဒါန်းပြီးစီးပြီဖြစ်သည့် လောကဝိဒူဓမ္မာရုံ (မွန်ပြည်နယ်) ဖွင့်ပွဲကို စက်တင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

အလှူရှင်များထံ ဖိတ်စာများ ပေးပို့ထားပြီးဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အဆိုပါ နေ့ရက်တွင် ကြွရောက်ကြည်ညိုနိုင်ကြရန် အမှုဆောင်အဖွဲ့က နိုးဆော်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

**အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် စက်တင်ဘာ ၈ ရက်က အနော်ရထာလမ်းဘေး ဝဲ၊ ယာရှိ ရေနုတ်မြောင်းများကို တူးဖော်ရှင်းလင်းရာ အမှုဆောင်အရာရှိ ဦးကျော်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၃၆)ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၈**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၆)၊ အမှတ် (၃၆) တွင် တရုတ်နှင့်ဂျပန်တွင် UMFCCIရုံးခွဲများ ပထမဆုံးဖွင့်ရန် စီစဉ်နေ၊ ရခိုင်မှ လျှပ်စစ်ဓာတ်အား ဘင်္ဂလားဒေ့ရှ်က ဝယ်မည်၊ ဘုရင့်နောင် ကားအပိုပစ္စည်းဈေး မပြောင်းပါ၊ ဓာတ်ဆီ ဆက်ရောင်းပေးမည်၊ မြန်မာ့သစ်အချောထည် ဈေးကွက်ကျယ်ပြန့်လာရန်ရှိ၊ အဲပုဂံ ရန်ကုန်-ပုသိမ် ပျံသန်းမည်၊ ရန်ဖြစ်ရာမှ မြန်မာလုပ်သားတစ်ဦး မလေးရှားတွင် သေဆုံး၊ ကမ္ဘောဇဘဏ်ခွဲများ တိုးချဲ့ဖွင့်မည်၊ ရေထွက်ပစ္စည်းတင်ပို့မှု ခြောက်လအတွင်း ကန်ဒေါ်လာ ၂၄၆သန်းကျော်ရရှိ၊ FDI များလာတော့မည် ဘာတွေပြင်ထားရမလဲ၊ ယားနာ ယားနာ သတိထားပါ၊ စင်ကာပူတွင် အနုပညာဘာသာရပ်လေ့လာလိုက ပညာသင်ထောက်ပံ့ကြေးပေးမည်၊ ဦးဘသန်းရာဇဝင်လာ ဇေဇင်ကာအကြောင်း Culture & History၊'လူထုရဲ့အတွင်းစိတ်ကို ငွေအများကြီးသုံးတာနဲ့တော့ မပြောင်းနိုင်ဘူးလို့ယုံကြည်တယ်' တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာစောနိုင်နှင့် ဖလားဝါးနယူးစ်ဂျာနယ်တို့တွေ့ဆုံခြင်း၊ သူတို့ဘယ်မှာအရွေးခံကြမလဲ Political View၊ ဗုဒ္ဓ၏ အဆုံးအမတော်များ(ခ)ဆင်ခြင်ဉာဏ်ရှေ့ထား၊ မိတ်ဆွေစစ် မိတ်ဆွေမှန်၊ ရွှေ့ပြောင်း အလုပ်သမားများ၏ သံသရာ၊ တရုတ်ခေတ်သစ်သူဌေးတို့အား လေ့လာခြင်းကဲ့သို့သော ဖတ်စရာမှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီ ဖြစ်သည်။

'အလုပ်ဆိုတာ ဘဝရဲ့ပျော်ရွှင်ချမ်းမြေ့မှုနဲ့ အကျိုးအမြတ်ဖြစ်ထွန်းမှုအတွက်ဖြစ်တယ်'၊ စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယူနှင့်The Straits Times သတင်းစာတို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူး ဆောင်းပါးနှင့် အတုဈေးကစားသူနှင့် ကုန်လှောင်သူတို့ကြောင့် ကုန်ဈေးနှုန်းများ ကြီးမြင့်လာ၊ ချက်တင်ထိုင်ရင် သတိထား၊ ပြန်ပေးဆွဲခံခဲ့ရသော မိန်းကလေး သူမ၏ ချောက်ချားဖွယ်ရာနေ့များအား စာအုပ်ရေး၍ ပြန်လည်ဖွင့်ချ၊ မလေးရှား အလှကုန်ပိုင်ရှင် ထူးဆန်းစွာပျောက်ဆုံး၊ အမျိုးသမီးအတွင်းခံများ အလစ်သုတ်သည့် ရမ္မက်ကြီးသောသူခိုး ဒဏ်ငွေ ဒေါ်လာ ၅၀၀ ဆောင်ရ၊ အိန္ဒိယတွင် ပဲနီလေးက ဓာတ်ဆီထက်ဈေးပိုကြီး၊ ဒေါ်လာနှစ်သောင်း စကောလားရှစ်ရရှိမည့် ဘလော့ဂ်ပြိုင်ပွဲကျင်းပမည်၊ စိတ်ဓာတ်ကျဆင်းမှုနှင့် သေကြောင်းကြံစည်မှုတို့ကြောင့် ဂျပန်အစိုးရ ကုန်ကျစရိတ်မြင့်တက် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့်e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၉-၉-၂၀၁၀ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ အင်္ဂုဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ) |
| ၇း၂၅ | ၃။ ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ |
| ၈း၁၀ | ၇။ အတီးပြိုင်ပွဲ |
| ၈း၂၅ | ၈။ "ညော်မယ်ဇို့" |
| ၈း၄၀ | ၉။ International News |
| ၈း၄၅ | ၁၀။ တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၁။ အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | |
|---|---|
| ၁၁း၀၀ | ၁။ စစ်သည်တေး |
| ၁၁း၁၀ | ၂။ တေးဂီတအစီအစဉ် |
| ၁၁း၂၀ | ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ် |
| ၁၁း၃၀ | **၄။ နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၄၄)** |
| ၁၂း၃၀ | ၅။ Golf Magazine (TV) |
| ၁၂း၅၀ | **၆။ မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်တတ်ပါ" (လူမင်း၊ နန္ဒာလှိုင်၊မေသန်းနု) (ဒါရိုက်တာ-ညီညီထွန်းလွင်)** |
| ၂း၃၅ | ၇။ "မြန်မာနိုင်ငံ စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ" |
| ၂း၅၀ | ၈။ International News |
| ၃း၀၀ | ၉။ အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | |
|---|---|
| ၄း၀၀ | ၁။ စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ အရေးပြိုင်ပွဲ |
| ၄း၁၅ | ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၄း၂၀ | ၄။ တေးဂီတအစီအစဉ် |
| ၄း၃၀ | ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(အင်္ဂလိပ်စာမှ လွဲ၍ အထူးပြုအားလုံး) (အင်္ဂလိပ်စာ) |
| ၄း၄၅ | ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၄း၅၀ | ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ |
| ၅း၀၀ | ၈။ "လူကူးမျဉ်းကျားမှကူးမယ်" |
| ၅း၁၅ | ၉။ ဆိုကြမယ်၊ ပျော်ကြမယ် |
| ၆း၀၀ | ၁၀။ ညနေခင်းသတင်း |
| ၆း၁၅ | ၁၁။ မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၂။ကာတွန်းအစီအစဉ် "BUGS' ADVENTURES" (အပိုင်း-၂၉) |
| ၆း၃၅ | ၁၃။ တစ်မျက်နှာတစ်ကွက်စာ "ရှေးကတော့ပိုချစ်ကြတယ်" (ဇာတ်သိမ်း) (ထွန်းထွန်းဝင်း၊ ရန်နိုင်၊ ချိုပြုံး၊ ခင်မျိုးအေးဗို) [(ဒါရိုက်တာ-မေတင်(MMG)] |
| ၇း၀၀ | **၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်"(အပိုင်း-၁၆)** |
| ၈း၀၀ | ၁၅။ ပြည်တွင်းသတင်း |
| | ၁၆။ နိုင်ငံတကာသတင်းများ |
| | ၁၇။ မိုးလေဝသအခြေအနေ |
| | **၁၈။ "အရဏ်ဦးမှာဖူးသည့်ကြာ" (ဒုတိယပိုင်း) (ရုပ်ရှင်အနုပညာရှင်များ) (ဒါရိုက်တာ-စာရေးဆရာ တင်သန်းဦး)** |
| | ၁၉။ အစီအစဉ်ပြီး၏။ |






## ကြည့်ရှုအားပေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ဝန်ကြီး ဦးကျော်ဆန်း၊ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများ Junction Centre (Maw Tin) နှင့် Junction Cineplex အတွင်း ကြည့်ရှုအားပေးကြစဉ်။**

(သတင်းစဉ်)

**❐ ကာကွယ်ရေးဝန်ကြီးဌာနမှ**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေက Junction Centre (Maw Tin) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက Junction Cineplex ရုပ်ရှင်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

### ကြည့်ရှုအားပေး

ယင်းနောက် ဗိုလ်ချုပ်တင်ငွေ ၊ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် Junction Centre (Maw Tin) နှင့် Junction Cineplex တို့အတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**လမ်းမတော်မြို့နယ် လမ်းသစ်လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ Junction Centre (Maw Tin) နှင့် Junction Cineplex ရုပ်ရှင်ရုံတို့ကို တွေ့ရစဉ်။**

(သတင်းစဉ်)



**နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) တွင် လမ်းလုပ် ငန်း များ ဆောင်ရွက်နေမှုကို ကြည့် ရှု စစ် ဆေးစဉ်။**

(နယ်စပ်/စည်ပင်)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ခရိုင်ချင်းဆက်လမ်း အမှတ်(၃) လမ်းလုပ်ငန်း ဒုတိယဝန်ကြီး ဦးတင်ငွေ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၈**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် စက်တင်ဘာ ၁၄ ရက်တွင် ခရိုင်ချင်းဆက်လမ်း အမှတ်(၃) စစ်ကိုင်းမြို့ကောင်းမှုတော် ရှင်းလင်းဆောင်သို့ရောက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်က ရှိမွကားထိ ပထမအဆင့် ၂၆ မိုင် သုံးဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဒုတိယအဆင့် ရှိမွကားမှ ကျောက်မြောင်းလမ်းဆုံအထိ ၂၅ မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း ထပ်မံဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) လမ်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှုများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေး၍ မိုင်တိုင်အမှတ်(၁၅/၄)နှင့် (၁၆/၀)အတွင်း ကျောက်ရိုးစီ သစ်သားတံတားများ တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပေါက်ကန်-နဘဲပင်လှ ကျေးလက်မြေသားလမ်း ခုနစ်မိုင် သုံးဖာလုံ ဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သာလိုင်း-ရုံးသာဘူတာနှင့် ဝက်လက်မြို့သို့ ဆက်သွယ်ထားသည့် မြေသားလမ်းကို အဆင့်မြှင့်တင် ဆောင်ရွက်ရန် လမ်းကြောင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် မုဆိုးခြုံရွာမသို့ ရောက်ရှိပြီး အလှူရှင်စက်ရေတွင်း တူးဖော်ထားရှိမှုနှင့် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရန် စိုင်နိုင်-မုဆိုးခြုံ-ဟံလင်းကျေးလက်လမ်း (၁၀/၂)မိုင်နှင့် မုဆိုးခြုံဘူတာ - ယင်းမာကန်ကျေးလက်လမ်း (၁/၂)မိုင်၏ လက်ရှိအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း စက်တင်ဘာ ၈ ရက်တွင် လှိုင်သာယာ-တွံတေး-မအူပင်ဖြတ်လမ်းအား စက်ယန္တရားကြီးများဖြင့် မြေသားလမ်း အသစ်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။**

(စည်ပင်)



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၉-၉-၂၀၁၀ (တနင်္ဂနွေနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ “သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း”တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာ နန္ဒမာလာဘိဝံသ)
- ၆း၄၀ ကလောမှာ ထင်ရှား “ရွှေဥမင်”ဘုရား
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ” (အပိုင်း-၁၈)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၁၁၂)**
- ၈း၄၀ ဘဒ္ဒန္တဝေပုလ္လဆရာတော် ဝိဇာတမင်္ဂလာသဘင်
- ၈း၅၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (အရှေ့အလယ်ပိုင်းအရပ်၌ရှိသော)
- ၉း၂၀ “ဝ”တာတစ်ကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)
- ၉း၃၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
- ၁၀း၁၀ သင့်မိသားစုကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့်ဦးစားပေး
- ၁၀း၃၅ ဗီဒီယိုပြခန်း
- ၁၀း၅၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ကိုမင်းသူ)
- ၁၁း၁၅ ဈေးဝယ်လမ်းညွှန် (ဝါရွှေစင်ပိုးထည်)
- ၁၁း၄၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁၂း၁၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ(ဝေမိုး)
- ၁း၀၀ “သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း”တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာ နန္ဒမာလာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (ယောက္ခမနှင့်အတူနေတာကောင်းတယ်၊ ယောက္ခမနှင့်အတူမနေတာကောင်းတယ်)
- ၃း၃၀ Kid's Show
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၁၁၂)**
- ၄း၅၀ “ဝ”တာတစ်ကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)
- ၅း၀၅ FMF Selection
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ” (အပိုင်း-၁၉)**
- ၇း၂၅ သွားမယ်စားမယ် (KIVA HAN CAFE' & RESTAURANT)
- ၇း၅၀ ပန်းချီပြခန်း -ချယ်ရီလွင်ပြင် အမှတ်(၂) ပန်းချီပြပွဲ
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Talent Show (မွန်ပြည်နယ်ကိုကိုနိုင်)
- ၉း၀၀ ရန်ကုန်မြင်ကွင်းကျယ် (Phyu Phyu Kyaw Thein Solo Concert စာနယ်ဇင်းရှင်းလင်းပွဲ)
- ၉း၂၅ Barclays Premier League (Chelsea Vs Blackpool)
- ၁၁း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၁၁၃)**
- ၁၂း၀၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (အရှေ့အလယ်ပိုင်းအရပ်၌ရှိသော)
- ၁၂း၃၀ နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေးဇုန်
- ၁၂း၅၅ သင့်မိသားစုကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့်ဦးစားပေး
- ၁း၁၅ Movie Mistakes (Troy)
- ၁း၃၅ လှပသက်ဝင်ဖော့ပန်းပုရုပ်သွင်
- ၁း၅၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ကိုမင်းသူ)
- ၂း၁၀ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ရုံ (ဖိုးချစ်) (အပိုင်း-၁)
- ၂း၃၅ အဖိုးတန်သော သဘာဝ သယံဇာတမြေဟူးကောင်း
- ၂း၅၀ ဝါးယင်းလိပ်ရဲ့ယင်းပန်းချီအလှ
- ၃း၀၀ ချစ်တတ်ကြရအောင် (ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး) [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]
- ၃း၂၀ စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
- ၃း၄၀ ရွှေတိုင်းမြို့မှ ဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
- ၃း၅၅ သီးပွင့်ဝေဆာ၊ ပဒေသာ (ကျွဲကော)
- ၄း၀၅ သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ
- ၄း၂၅ စိန်ဘုရားများ သီတင်းသုံးရာ ပဒုမ္မာ
- ၄း၄၅ ဘဒ္ဒန္တဝေပုလ္လဆရာတော် ဝိဇာတမင်္ဂလာသဘင်
- ၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၅၅ | Man U - Liverpool | ESPN (Live) |
| ၈း၂၅ | Wigan - Man City | STAR SPORTS (Live) |
| ၉း၂၅ | Chelsea - Blackpool | ESPN (Live) |

# တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၈

**မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန( ပညာရေးကောလိပ်များ) ပူးပေါင်း၍ Basic Computer Training for Trainers သင်တန်းဖွင့်ပွဲနှင့် ကွန်ပျူတာများလှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မန္တလေးပညာရေးကောလိပ်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပညာရေးကောလိပ်များမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်များက အလှူငွေများ၊ ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူတစ်ဦးက လက်ခံသည်။

ယင်းနောက် တိုင်းမှူးသည် ကွန်ပျူတာသင်တန်းဖွင့်လှစ်မည့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းမှူးသည် ပုသိမ်ကြီးမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ဝက်မွေးမြူရေးခြံ(ထုံးဘို)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပုသိမ်ကြီးမြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ရောက်ရှိကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် တပ်ရင်းမိသားစုများအား ချီးမြှင့်ငွေများ ပေးအပ်ကာ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဆိပ်ဖြူမြို့ အလယ်ပိုင်းရပ်ကွက် မာလာမြိုင်ရပ်ရှိ ပြည်သူများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သန့်ရှင်းသော သောက်သုံးရေ ပေးဝေဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေ ရှင်းလင်းပြသစဉ်။**

(မြို့နယ်စည်ပင်)



## ထာဝရငွေပဒေသာပင်

**စက်တင်ဘာ ၁၇ ရက်က (၁) ရပ်ကွက် သမိုင်း မရမ်းကုန်း မြို့နယ် ရန်ကုန်မြို့နေ ကွယ်လွန်သူ ဦးသန်းလွင်အားရည်စူး၍ သူငယ်ချင်းများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) သို့ ထာဝရငွေပဒေသာပင် အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဘညာဏ် လက်ခံယူစဉ်။**

(သတင်းစဉ်)

# ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲတို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၈

**ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲတို့ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၁၀နာရီတွင် ဟိုပုန်းမြို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ -အဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဟိုပုန်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပွင့်က အမှာစကားပြောကြားပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသော ပြည်နယ်ဥပဒေအရာရှိ ဦးမောင်မောင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီတို့က ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသက်ထွန်းက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ပါဝင်သည့် ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်မည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ဟိုပုန်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များက မြို့နယ်အတွင်း မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ သင်တန်းပေးခြင်း၊ မဲရုံနေရာများ သတ်မှတ်ခြင်း၊ မဲစာရင်းပြုစုခြင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေး မှာကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# City Mart Supermarket ရွှေမြယာဆိုင်ခွဲနှင့် Shwe Mya Yar Center ဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၁၈**

City Mart Supermarket သည် ဈေးဝယ်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပိုမိုဆန်းသစ်ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် အစဉ်အမြဲ ကြိုးပမ်းစီစဉ်ဆောင်ရွက်လျက်ရှိသည်။

City Mart Supermarket ၏ ကိုးဆိုင်မြောက် ဆိုင်ခွဲဖြစ်သော ရွှေမြယာဆိုင်ခွဲကို ၂၀၀၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ၎င်း City Mart Supermarket ရွှေမြယာဆိုင်ခွဲနှင့် Shwe Mya Yar Center ကို တစ်မူထူးခြားသော အပြင်အဆင် ဝန်ဆောင်မှုများဖြင့် ဩဂုတ် ၃၀ ရက်တွင် ပြင်ဆင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ **(ယာပုံ)** အသစ်ပြန်လည်ဖွင့်လှစ်လိုက်သော Shwe Mya Yar Centerတွင် City Mart Supermarket နှင့်အတူ City Medic Pharmacy, Seasons Bakery & Cafe, Comet Net Internet & Game Centre, City Books & Music, ကလေးငယ်များ အန္တရာယ်ကင်းစွာ ဆော့ကစားနိုင်သည့် ခေတ်မီကလေးကစားကွင်း၊ အမျိုးသမီးဝတ် Fashion Design များအတွက် Royal Moe, Papillon, Su San, Best Style, I-Gift နှင့် New Channel ဆိုင်များ၊ လက်ကိုင်အိတ် အမျိုးမျိုးကို ရောင်းချပေးသော Young Heart နှင့် Fancy ပစ္စည်းနှင့် Accessories မျိုးစုံ ရောင်းချပေးမည့် Pink, Blessing ဆိုင်များအပြင် ရွှေပုလ္လင် Tea-house လည်း ပါဝင်သည်။

Shwe Mya Yar Center ရှိ City Mart Supermarket တွင် စားသောက်ကုန် အမျိုးမျိုး၊ အရည်အသွေး ကောင်းမွန် လတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သီးနှံအမျိုးမျိုး၊ သန့်ရှင်းလတ်ဆတ်သော အသင့်စား သားငါးများ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ သန့်ရှင်းရေးသုံး ပစ္စည်းများ၊ အလှအပကို မြတ်နိုးခုံမင်သော အမျိုးသမီးများအတွက် အရည်အသွေးကောင်းမွန်သော Cosmetics အမှတ်တံဆိပ် အမျိုးမျိုးကို တစ်နေရာတည်းတွင် ပြည့်စုံစွာ ဝယ်ယူရရှိနိုင်ရန် စီစဉ်ထားသည်။

ဈေးဝယ်သူများ သက်သောင့်သက်သာဖြစ်စေရန်နှင့် ငွေရှင်းရာတွင် လွယ်ကူအဆင်ပြေစေရန် ငွေရှင်းကောင်တာ ခြောက်ခုကို ထားရှိပေးထားသည်။ City Medic Pharmacy တွင် မိသားစုဝင်တိုင်း၏ ကျန်းမာရေးအတွက် ယုံကြည်စိတ်ချစွာ ဝယ်ယူနိုင်သော နိုင်ငံခြားဆေးနှင့် မြန်မာဆေးမျိုးစုံကို ရရှိနိုင်သည်။ City Books & Music ဆိုင်၌ ပြည်တွင်းနှင့် နိုင်ငံတကာ CD, VCD, DVD သီချင်းခွေအမျိုးမျိုး၊ မြန်မာစာပေနှင့် နိုင်ငံတကာ စာအုပ်၊ စာပေများကိုလည်း စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်သည်။ ဝိုင်နှင့် အဖျော်ယမကာ ကြိုက်နှစ်သက်သူ Customer များအတွက် နာမည်ကျော် လူကြိုက်များသော နိုင်ငံတကာ အမှတ်တံဆိပ်မျိုးစုံကို စိတ်တိုင်းကျ လွတ်လပ်အေးချမ်းစွာ ရွေးချယ်ဝယ်ယူနိုင်သည်။ Wine & Liquor Counter များကို စီစဉ်ထားရှိပေးထားကြောင်း သိရှိရသည်။ (သတင်းစဉ်)




## သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့ တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၉ ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု (၂၂)မှုတွင် ရောင်းချသူ ၂၄ ဦးအား အနည်းဆုံးထောင်ဒဏ် (၂)နှစ်မှ အများဆုံး ထောင်ဒဏ်(၃)နှစ်အထိ ပြစ်ဒဏ်ချမှတ် အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ၂၀၁၀ ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာဆုချီးမြှင့်မည်။

**ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

## ဂွတ်ရှယ်သမက်ဇာတ်ကားသစ် ရုံတင်

**ရန်ကုန် စက်တင်ဘာ ၁၈**

စက်တင်ဘာ ၁၇ ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ လူစွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ အကြည်တော်၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာညီညီထွန်းလွင်နှင့် တွဲဖက်ဒါရိုက်တာ ဩရသတို့ ရိုက်ကူးသည့် **ဂွတ်ရှယ်သမက်** မြန်မာဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်သည်။ ဒါရိုက်တာ ညီညီထွန်းလွင်၏ လက်ရာအတိုင်း ဟာသ သက်သက်ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည့်အပြင် ဝတ္ထုဇာတ်ညွှန်း အကြည်တော်၏ ဟာသပရိသတ်အကြိုက် ဇာတ်ကားဖြစ်ပေရာ ဇာတ်လမ်းအစမှ အဆုံးတိုင် ဟာသရသအပြည့်အဝပေးစွမ်းနိုင်မည့်ဇာတ်ကား ဖြစ်သည်။ အကယ်ဒမီရန်အောင်၊ အကယ်ဒမီ ရဲအောင်၊ နေတိုး၊ ကျော်ကျော်ဗို အကယ်ဒမီ မေသဉ္ဇာဦး၊ စိုးမိုးကြည်၊ မိုးပေကို၊ ဧည့်သည်သရုပ်ဆောင် စိုးပြည့်သဇင်နှင့် ဟာသသရုပ်ဆောင်များစွာပါဝင်ပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ သုံးရုံ တစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။



ရွှေ့ဆောင်ရုံတွင် ကျော်ရဲအောင်၊ ပြေတီဦး၊ ထူးခန့်ကျော်၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ ချောရတနာနှင့် ခင်လှိုင်တို့ ခေါင်းဆောင်ပါဝင်ကြသည့် **ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ်** ဇာတ်ကား ပြသမည်ဖြစ်သည်။

### နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် အခြားသူတစ်ဦး၏ အိပ်မက်အတွင်းမှ အကြောင်းအရာ အဖြစ်အပျက်များကို ခိုးယူနိုင်သည့် အစွမ်းရှိသူ လူထူးလူဆန်း သူခိုးများ၏ ဘဝကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် ထူးထူးဆန်းဆန်းဇာတ်ကားဖြစ်သော INCEPTION ဇာတ်ကား ပြသမည်ဖြစ်သည်။ ထိုဇာတ်ကားတွင် တိုက်တန်းနစ်ဇာတ်ကားဖြင့် နာမည်ကျော်ခဲ့သော မင်းသား လီယိုနာဒိုဒီကာပရီယို ပါဝင်သရုပ်ဆောင်ထားသည်။




**ဂွတ်ရှယ်သမက်ဇာတ်ကားသစ်မှ နေတိုးနှင့်မိုးပေကို။**

### အိန္ဒိယရုပ်ရှင်

မြို့မရုံတွင် အနီကပူးနှင့် ကက်သရီနားကယ်တို့ ပါဝင်သည့် RACE ဇာတ်ကားနှင့် ဆုထူးပန်ရုံတွင် အိန္ဒိယဒရမ်မာ အက်ရှင်ဇာတ်ကားဖြစ်သည့် OM ဇာတ်ကားများ ရုံတင်ပြသမည်ဖြစ်သည်။ (ကြေးမုံ)



## ဂါလန်နှစ်သိန်းဆံ့ ရေစုကန်

**ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြူကုတ်(ပန်ဆိုင်း) မြို့ပေါ်ရပ်ကွက်များအား သောက်သုံးရေ ပေးဝေနေသော ဂါလန်နှစ်သိန်းဆံ့ ရေစုကန်အား ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းမြင့် ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၈-၉-၂၀၁၀ မင်္ဂလာရက်မြတ်တွင် Junction Centre Maw Tin and Junction Cineplex ကို အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါသည်။

Board of Directors
Sinma Furnishings Co., Ltd.



## ဂုဏ်ယူဝမ်းမြောက်ခြင်း

Junction Centre (Maw Tin) အား ၁၈-၉-၂၀၁၀ ရက်မြတ်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

BENHUR GROUP OF COMPANIES
MYANMAR REGION INDUSTRIES CO., LTD.
AUNG CERAMIC TILES INDUSTRIES CO.,LTD.မှ
ဝန်ထမ်းများ



ရှေးမြန်မာမင်းများ လက်ထက်အခါက
ထုံးတမ်းအစဉ်အလာဓလေ့များ
မြန်မာမှု မြန်မာဟန်များ ဓလေ့သာ
နန်းဓလေ့ဆိုင်ရာ ဗဟုသုတများ တစ်စုံတစ်ရာပင်နှင့်

## နန်းဓလေ့မှတ်တမ်းများ

မြကေတု

ရွှေပုံ စာအုပ်တိုက်




## ဂုဏ်ယူဝမ်းမြောက်ခြင်း

Junction Centre (Maw Tin) ကို (၁၈- ၉- ၂၀၁၀) မင်္ဂလာရက်မြတ်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း နှင့် အစဉ်အမြဲ အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

တော်ဝင်အထူးကုဆေးခန်း နှင့်
တော်ဝင်အိမ်တွင်းအလှဆင်လုပ်ငန်းမိသားစု


## အောင်မြင့်ရေးတဲ့ အောင်မြင်ရေးစာအုပ် ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၈**



ဒေါက်တာအောင်မြင့် (ဆေးမန်း)၏ အောင်မြင့်ရေးတဲ့ အောင်မြင်ရေး စာအုပ်ထွက်ရှိလာသည်။**(ယာပုံ)**

အဆိုပါ စာအုပ်တွင် လူ့ဘဝ တိုးတက်ကြီးပွားအောင်မြင်ရန်၊ အောင်မြင်သောဘဝများကို ရရှိပိုင်ဆိုင်နိုင်ရန်အတွက် လုပ်ဆောင်ရမည့်အချက်အလက်များကို စိတ်ဝင်စားဖွယ်အဖြစ် အပျက်များနှင့် ဆွဲဆောင်ရေးသားထားသည်။ စာအုပ်တွင် ပါဝင်သော အကြောင်းအရာများသည် ရွှေမန္တလေး သတင်းဂျာနယ်တွင် လစဉ်ဖော်ပြပေးခဲ့သော ဆောင်းပါးများဖြစ်ပြီး အောင်မြင်လိုသူများအတွက် လိုက်နာရမည့် အချက်များ၊ မှတ်သားဖွယ်ရာများ၊ ဥပဒေများ၊ ကဗျာလင်္ကာများ၊ လေ့ကျင့်ခန်းများကို စာဖတ်သူများ စိတ်ဝင်စားဖွယ်ဖြစ်အောင်ရေးသားထားသည်။

အောင်မြင်လိုသူတို့ထားရမည့် စိတ်သဘောထား၊ စိန်ဧကေပေါင်းများစွာ ဥပမာ၊ ဒေးဗစ်နှင့် ဂိုးလိယက်ပုံပြင်၊ စိတ်သဘောထားကို ပုံသွင်းသည့်အရာများ၊ ကောင်းသောခံယူချက် သဘောထားကို တည်ဆောက်နည်း၊ အာရုံစိုက်မှုပြောင်းပြီး အကောင်းကိုသာ ရှာဖွေပါ၊ သိထားရမည့်အကောင်းမြင်၊ အဆိုးမြင်၊ ချက်ချင်းလုပ်ဆောင်တတ်တဲ့ အလေ့အကျင့်ကို ပျိုးထောင်ပါ၊ ကျေးဇူးသိတတ်တဲ့ စိတ်ကို မွေးမြူပါ၊ စဉ်ဆက်မပြတ်ပညာဆည်းပူးပါ၊ ဘွဲ့ရတိုင်း ပညာတတ်မဟုတ်၊ ပညာတတ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲ၊ ကိုယ့်ကိုယ်ကို မြတ်နိုးလေးစားတန်ဖိုးထားပါ၊ မကောင်းမှုများ၊ မကောင်းသော လွှမ်းမိုးမှုများနှင့် ဝေးဝေးနေပါ၊ လုပ်သင့်တာတွေ လုပ်ရတာကို ကြိုက်နှစ်သက်တတ်အောင် သင်ယူပါ၊ နေ့တိုင်းကို အပြုသဘော၊ စိတ်ထားကောင်းဖြင့်အစပြုပါ၊ အားသွန်ခွန်စိုက် ဂရုတစိုက်အလုပ်လုပ်၊ ပြီးမြောက်အောင်လုပ်တတ်ခြင်းကို ဂုဏ်ယူစသည့် အောင်မြင်ရေးဆိုင်ရာ သဘာဝများ၊ နိယာမများဖြင့် စုံစုံလင်လင် တင်ပြထားသည်။

အဆိုပါ စာအုပ်ကို ရွှေလက်ဆောင်စာပေ ဖြန့်ချိရေး ဦးအောင်မြင့်နှင့် ဒေါ်သိန်းသိန်း အမှတ် ၄၄၈ ရွှေဘုံသာအထက် အမှတ်-၂၂၃/၂၃၅ (၃၂)လမ်းအထက် ရန်ကုန်မြို့ ဖုန်း- ၃၈၉၀၂၂၊ ၃၇၅၃၅၇နှင့် ၃၇၄၆၃၈ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ပြီး တန်ဖိုးမှာ ငွေကျပ် ၂၀၀၀ ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

အလိုမှာစာမှာရှိ

နိုင်ငံတကာအားကစားသတင်းများ

ဝင်းတင်(ကြေးမုံ)

## စတုတ်စီးတီးကို သရေကစားပြီး ဝက်စ်ဟမ်း တစ်မှတ်စတင်ရရှိ

လန်ဒန် စက်တင်ဘာ ၁၈

**ပွဲစဉ်(၅)ကို ရောက်ရှိလာပြီဖြစ်တဲ့ အင်္ဂလိပ်ပရီမီယာလိဂ်ရဲ့ စနေည အစောပိုင်းပွဲစဉ်အဖြစ် ဘရစ်တနီယာကွင်းမှာ စတုတ်စီးတီးနဲ့ ဝက်စ်ဟမ်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပါတယ်။**

ပြီးခဲ့တဲ့ပွဲစဉ်(၄)မှာ ဘရစ်တနီယာကွင်းမှာပဲ ဗီလာကို နောက်ကလိုက်သွင်းပြီး အနိုင်ယူခဲ့တဲ့ စတုတ်စီးတီးဟာ စိတ်ဓာတ်တက်ကြွနေမှုနဲ့အတူ ဒီနေ့ပွဲမှာ ရောဘတ်ဟုသ်၊ မက်သရူး၊ ဖာရေး၊ ပင်နန့်၊ ချောခရော့စ်၊ ဒီလတ်၊ ဂျုံးစ်တို့နဲ့ ပွဲထွက်လာခဲ့ပါတယ်။ နိုင်ပွဲပျောက်ဆုံးပြီး အမှတ်ပေးဇယားအောက်ဆုံးကို ရောက်နေတဲ့ ဝက်စ်ဟမ်းကတော့ ပက်ကွီအိုနီနဲ့ ကာတန်ကိုးလ်တို့ကို တိုက်စစ်မှာထားပြီး အပ်ဆန်၊ နိုဘယ်၊ အိုဘင်နာ၊ ဘဟာမီ၊ ပါကားတို့နဲ့ အိမ်ရှင်စတုတ်စီးတီးကို ရင်ဆိုင်ခဲ့ပါတယ်။

ပွဲစတာနဲ့ အိမ်ရှင်စတုတ်စီးတီးဟာ ဝက်စ်ဟမ်းဘက်ကို ထိုးဖောက် တိုက်စစ်ဆင် ဖိအားပေးကစားလာခဲ့ပါတယ်။ နှစ်သင်းလုံးက အမှတ်လိုနေတယ်ဆိုပေမယ့် ပွဲက ထင်သလောက် ကြည့်မကောင်းဖြစ်နေခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် ၃၂ မိနစ်အရောက်မှာ ဧည့်သည် ဝက်စ်ဟမ်းက ကွင်းလယ်ကစားသမား ပါကားရဲ့သွင်းဂိုးနဲ့ အိမ်ရှင်ကို ဦးဆောင်နိုင်ခဲ့ပါတယ်။ ၃၄ မိနစ်မှာ ပစ်ကွီအိုနီရဲ့ကန်ချက် ဂိုးဘားတန်းထိပြန်ထွက်ခဲ့သလို ၃၇ မိနစ်မှာ ဒီလတ်ရဲ့ လက်ပစ်ဘောကို ဂျုံးစ်ခေါင်းတိုက်တာ ဂိုးဘားတန်းကျော်သွားခဲ့တာကြောင့် စတုတ်စီးတီးတို့ ဂိုးရမယ့်အခွင့်အရေး ဆုံးရှုံးခဲ့ရပါတယ်။

ဒုတိယပိုင်း ၄၈ မိနစ်မှာ အိမ်ရှင် စတုတ်စီးတီး ချေပဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒီဂိုးကတော့ ညာခြမ်းက ပင်နန့် ဂိုးရှေ့ဖြတ်တင်တာကို ဂျုံးစ်ကခေါင်းတိုက်သွင်းယူခဲ့တာပဲဖြစ်ပါတယ်။ ပွဲချိန် မိနစ် ၅၀ နောက်ပိုင်းမှာ ဝက်စ်ဟမ်းကစားပုံပြန်ကောင်းလာပြီး စတုတ်စီးတီးရဲ့ ကွင်းလယ်ကိုစိုးမိုးလာနိုင်ခဲ့ပါတယ်။ စတုတ်စီးတီးဟာ အိမ်ကွင်းအမှတ်ပြည့်ရရေးအတွက် ဝယ်လ်တာအစား ဖူလာ၊ ဂျုံးစ်အစား ဂွန်ဆင်တို့ကို ထည့်သွင်းပြီး တိုက်စစ် မြှင့်ခဲ့ပေမယ့် တစ်ဂိုးစီသရေနဲ့သာ ပွဲကိုပြီးဆုံးစေခဲ့ပါတယ်။ ***အင်တာနက်။***





ဝက်စ်ဟမ်းအတွက် ဦးဆောင်ဂိုးကို ပါကား သွင်းယူစဉ်။

### အခြားပွဲစဉ်ရလဒ်များ

| | | |
|---|---|---|
| ဗီလာ | ၁ - ၁ | ဘော်လ်တန် |
| ဘလက်ဘန်း | ၁ - ၁ | ဖူလ်ဟမ် |
| အဲဗာတန် | ၀ - ၁ | နယူးကာဆယ် |
| စပါး | ၃ - ၁ | ဝုလ်ဗာဟမ်တန် |
| ဝက်စ်ဘရွန်း | ၃ - ၁ | ဘာမင်ဂမ် |

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အင်တာနက် သတင်း

## စီအင်န်ဂျီနှင့်ရော လျှပ်စစ်ဖြင့်ပါ မောင်းနိုင်သော ဘတ်စ်ကားများ လေထုညစ်ညမ်းမှု လျှော့ချနိုင်ရန်

### နယူးဒေလီ၌ စတင်အသုံးပြု

နယူးဒေလီ စက်တင်ဘာ ၁၈

**အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီတွင် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရန် သဘာဝဓာတ်ငွေ့ရည် (စီအင်န်ဂျီ)ဖြင့်ရော လျှပ်စစ်ဓာတ်အားဖြင့်ပါ မောင်းနှင်နိုင်သော ဘတ်စ်ကားများကို စက်တင်ဘာ ၁၈ ရက်မှ စတင်ကာ အသုံးပြုနေပြီဖြစ်သည်။**

မြို့တော်နယူးဒေလီ၌ လေထုညစ်ညမ်းမှု မရှိစေရေးအတွက် အစိုးရအဖွဲ့က ကာလရှည်ကြိုးပမ်းအားထုတ်ခဲ့ရာတွင် နောက်ဆုံးဆောင်ရွက်ချက် တစ်ရပ်အဖြစ် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိသော စွမ်းအင်ကို ဘတ်စ်ကားများ၌ အသုံးပြုစေခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သဘာဝဓာတ်ငွေ့ရည်ဖြင့်ရော လျှပ်စစ်ဓာတ်အားဖြင့်ပါ မောင်းနှင်နိုင်သော ဘတ်စ်ကားများကို တာတာ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီက တည်ဆောက်ပေးခဲ့သည်။

စွမ်းအင်စနစ်နှစ်မျိုး ပေါင်းစပ်ထားသော ယင်းဘတ်စ်ကားများသည် သမားရိုးကျ ဘတ်စ်ကားများနှင့် နှိုင်းယှဉ်လျှင် စွမ်းအင်ချွေတာမှုကို သိသိသာသာ ပြုလုပ်နိုင်သည်ဆို၏။ စွမ်းအင်စနစ်နှစ်မျိုး ပေါင်းစပ်အသုံးပြုသော ဘတ်စ်ကားတစ်စီးလျှင် ရူပီး ၁၅ သန်း တန်ဖိုးရှိပြီး ဒေလီသယ်ယူပို့ဆောင်ရေးကော်ပိုရေးရှင်း၏ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးပြုနိုင်ရန် တာတာကုမ္ပဏီက လေးစီး ထုတ်ပေးခဲ့သည်။

### ဘာသာပြန် သတင်းလုလင်

သဘာဝဓာတ်ငွေ့ရည်အင်ဂျင်နှင့် လျှပ်စစ်မော်တာတို့ ပါဝင်သော ဘတ်စ်ကား အမျိုးအစားသစ်ကို Hybrid Tata Starbus ဟု အမည်ပေးထားသည်။

အဆိုပါဘတ်စ်ကားတွင် လေအေးစက်တပ်ဆင်ထားပြီး ခရီးသည်တင်ထိုင်ခုံ ၃၂ ခုံ ပါရှိသည့်အပြင် ဘီးတပ်ကုလားထိုင်ဖြင့် သွားလာရသူများ လိုက်ပါနိုင်မည့်နေရာကို သီးသန့်သတ်မှတ်ပေးထားသည်။

စွမ်းအင်နည်းပညာသစ်နှင့်အညီ မော်တော်ယာဉ်များကို ထုတ်လုပ်နိုင်ရန် မိမိတို့ ကြိုးပမ်းလျက်ရှိကြောင်း တာတာကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ပီအမ်တဲလန်းက ပြောကြားသည်။ ***အင်တာနက်။***

| မှတ်သားဖွယ်ရာ မိုးရေချိန်များ |
|---|
| ၁၈-၉-၂၀၁၀ |
| လယ်ဝေး |
| ၂ ဒသမ ၀၈ လက်မ |
| ပျဉ်းမနား |
| ၀ ဒသမ ၆၃ လက်မ |
| မင်းတပ် |
| ၄ ဒသမ ၂၉ လက်မ |



သဘာဝဓာတ်ငွေ့ရည်ဖြင့်ရော လျှပ်စစ်ဖြင့်ပါ မောင်းနှင်နိုင်သော ဘတ်စ်ကားကို တွေ့ရစဉ်။
*(ဓာတ်ပုံ-အင်တာနက်)*

**ယနေ့ ပြည်သူများအနေနှင့် တည်ဆဲအစိုးရသည် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်သည့် အချိန်မှစပြီး နိုင်ငံနှင့် ပြည်သူ၏ ရေရှည်အကျိုးစီးပွားကို မျှော်မှန်းလျက် စွမ်းစွမ်းတမံ ကြိုးပမ်းလုပ်ဆောင်ပေးနေသည်ကို သိနားလည် လက်ခံယုံကြည် အားကိုးသည့်အတွက် တည်ဆဲအစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်များကို အပြည့်အဝ အားပေးထောက်ခံလျက်ရှိကြ။**

မြတ်ဘုန်းလူ၏ "အနာဂတ်နိုင်ငံတော်သစ်ကို တက်ညီလက်ညီ ထုဆစ်ပုံဖော်သွားကြမည်"
(ဆောင်းပါး)စာမျက်နှာ-၈၉